ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်( ၂၀/၂၀၂၃ )

| | |
|---|---|
| အလုပ်သမား ဦးအောင်သန့်ဇင်၊<br>အမှတ် (၂၇၀)၊ ရန်အောင် (၆)လမ်း၊<br>(၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။<br>၀၉- ၇၉၁၀၁၀၇၀၇ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| အလုပ်ရှင် ဒေါ်မူမူသန်းခိုင် (Dori Pet Spa)၊<br>သုဝဏ္ဏ-၂၉ ရပ်ကွက်၊ အမှတ် (၉၃/F)၊<br>သင်္ဃန်းကျွန်းမြို့နယ်။ ၀၉- ၅၀၄၂၈၃၆ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ် ၊ သုဝဏ္ဏ-၂၉ ရပ်ကွက်၊ အမှတ် (၉၃/F) ရှိ Dori Pet Spa အလုပ်ရှင် ဒေါ်မူမူသန်းခိုင် နှင့် အလုပ်သမား ဦးအောင်သန့်ဇင် တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို သင်္ဃန်းကျွန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာ နှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ် လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် Dori Pet Spa (ပိုင်ရှင်) ဒေါ်မူမူသန်းခိုင်နှင့် အလုပ်သမား ဦးအောင်သန့်ဇင်တို့အကြား (၁၀-၉-၂၀၂၃)ရက်နေ့တွင် အဆိုတော် ချမ်းမြေ့မောင်ချို့မှ Pom အမျိုးအစား ခွေးအား Spa ပြုလုပ်ရန် အပ်နှံခဲ့ရာ ၎င်းခွေးသည် Spa ပြုလုပ်စဉ်အတွင်း သေဆုံးသွားသည့်အတွက် CCTV မှတ်တမ်းကြည့်ရှုရာတွင် ဦးအောင်သန့်ဇင်က ခွေးနှာခေါင်းအား လက်ချောင်းဖြင့် တောက်နေသည်ကို တွေ့ရှိရ၍ ၎င်းကြောင့် ခွေးသေဆုံးရသည်ဟု စွပ်စွဲကာ ခွေးပိုင်ရှင်က Facebook တွင် Post တင်ရာမှ အများပြည်သူသိရှိသွားသဖြင့် အလုပ်ရှင်က (၁၁-၉-၂၀၂၃) ရက်နေ့တွင် ၎င်း၏ Dori Pet Spa Page မှ ဦးအောင်သန့်ဇင်အား အလုပ်ထုတ်ပယ် ရပ်နားကြောင်း ကြေညာသည်ကို ကျေနပ်မှုမရှိရာမှ (၁၈-၁၀-၂၀၂၃)ရက်နေ့တွင် သဃ်န်းကျွန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် Facebook Page မှ Video နှင့် စာများအား ပယ်ဖျက်ပေးရန် တိုင်ကြားသောကြောင့် သဃ်န်းကျွန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ (၃)ကြိမ် ညှိနှိုင်းပေးသော်လည်း ပြေလည်မှုမရရှိ၍ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှု ဖြစ်ပါသည်။

ကောက်ချက်။ (၁) အလုပ်သမားဦးအောင်သန့်ဇင်အား အလုပ်ပြန်လည်ခန့်ထားရန် သင့်/ မသင့်။

(၂) Dori Pet Spa Page မှ Puppy ( ခွေးလေး ) သေဆုံးမှုနှင့် ပတ်သက်သည့်သတင်းအား ပယ်ဖျက်ပေးရန် သင့်/ မသင့်။

တွေ့ရှိချက်

၄။ တောင်းဆိုသူ ဦးအောင်သန့်ဇင်နှင့် ၎င်း၏ ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်ဇင်ဦး (တရားလွှတ်တော်ရှေ့နေ)တို့က ထွက်ဆိုတင်ပြရာတွင် ဦးအောင်သန့်ဇင်သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် Pet Spa Professional Designer Training ဆရာအဖြစ် လုပ်ငန်းရှင်၏သား ဦးစွမ်းထက်ညီညီမှ တစ်လလျှင် (၁၅)သိန်းဖြင့် လုပ်ကိုင်ရန် နှုတ်ဖြင့် အလုပ်ခန့်ခဲ့ပါကြောင်း၊ ဆိုင်ဝန်ထမ်းနှင့် ဦးစွမ်းထက်ညီညီ ကို Pet Spa ပညာသင်ကြားပေးရပါကြောင်း၊ Pet Spa အကောင်ရေများသည့်နေ့တွင် လုပ်ငန်းပိုမိုကျွမ်းကျင်စေရန် ကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း၊ (၁၀-၉-၂၀၂၃) ရက်နေ့တွင် Puppy (ခွေးလေး)အား မဇင်ဇင်အောင်မှ ခြေသည်း၊ လက်သည်း ညှပ်ပေးနေသဖြင့် ဦးအောင်သန့်ဇင်က Puppy (ခွေးလေး)အနားမှ ထိန်းကျောင်းပေးခဲ့ပါ

ကြောင်း၊ နှာခေါင်း မတောက်ခဲ့ပါကြောင်း၊ နှာကျင်အောင် ကိုင်တွယ်မှုမျိုး မလုပ်ခဲ့ပါကြောင်း၊ Puppy (ခွေးလေး)ငြိမ်အောင် အာရုံပြောင်းလုပ်ဆောင်ခြင်းဖြစ်ပါကြောင်း၊ Puppy (ခွေးလေး) သည် နှာခေါင်း အတောက်ခံရပါက နှာကျင်၍ ရန်ပြုခြင်း၊ ရုန်းကန်လှုပ်ရှားခြင်း အတောက်ခံရ၍ ဟန်ပျက်သည့်အနေအထားမရှိပါကြောင်း၊ CCTV မှတ်တမ်းအရ နှာခေါင်းအား အမှန်တကယ် (၅)ချက်တိတိ တောက်ပါက တရိစ္ဆာန်ဖြစ်၍ ငြိမ်နေမည်မဟုတ်ပါကြောင်း၊ Puppy (ခွေးလေး) ငြိမ်အောင် လက်ငါးချောင်းကို ဆုပ်ခြင်း၊ ဖွင့်ခြင်းသာ ဆောင်ရွက်ပါကြောင်း၊ နှာခေါင်းတောက်ပါက သေနိုင်သည်ကို မိမိမတောက်ဖူး၍ မသိပါကြောင်း၊ အလုပ်ခန့်ထားမှု သဘောတူစာချုပ် EC မရှိပါကြောင်း၊ အမွှေးညှပ်ဆရာအဖြစ် လုပ်သက်အနှစ် (၂၀)ရှိပါကြောင်း Pet Spa နှင့် ပတ်သက်၍ မြန်မာပြည်တွင် သင်တန်းမရှိသဖြင့် Certificate မရှိပါကြောင်း၊ (၁၁-၉-၂၀၂၃) ရက်နေ့တွင် Dori Pet Spa Facebook Page မှ မိမိအားအလုပ်ထုတ်ခဲ့ပါကြောင်း၊ Online ပေါ်တွင် Puppy (ခွေးလေး) သေဆုံးမှုနှင့် ပတ်သက်၍ သတင်းဖြန့်သူက သက်သေအထောက်အထားနှင့် ဆေးမှတ်တမ်းများဖြင့် တင်ပြပါက ဖြေရှင်းနိုင်ပါကြောင်း၊ အလုပ်ရှင်၏သား ဦးစွမ်းထက်ညီညီမှ (၁၂-၉-၂၀၂၃) ရက်နေ့တွင် Puppy (ခွေးလေး) ပိုင်ရှင်ဘက်က ဦးအောင်သန့်ဇင်၏ မှတ်ပုံတင်နှင့် လိပ်စာများ တောင်းဆိုနေသည့်အတွက် ရှေ့နေငှားပြီး ဖြေရှင်းရန်အတွက် စောင့်နေရန်ပြောပါကြောင်း၊ (၁၀-၉-၂၀၂၃)ရက်နေ့တွင် ဆိုင်ဝန်ထမ်းမဟုတ်သူမှ ပြဿနာဖြစ်မည်စိုး၍ အလုပ်မလာရန်ဖုန်းဆက်ပြောပါကြောင်း၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနတွင် လုပ်ခလစာကျန်ငွေအား တိုင်ကြားပြီး လက်ခံရရှိပြီး ဖြစ်ပါကြောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် EC စာချုပ်မချုပ်ဆိုခြင်းနှင့်ပတ်သက်၍ တိုင်ကြားခဲ့ရာ ဝန်ထမ်း (၄)ဦးသာရှိ၍ တိုင်ကြားစာအား ရုတ်သိမ်းခဲ့ပါကြောင်း၊ " (၁) အလုပ်ခန့်ထားပေးရန်၊ (၂) လူမှုကွန်ယက်စာမျက်နှာတွင် မမှန်မကန်သတင်းဖြန့်ထားမှုအား ပယ်ဖျက်ပေးရန်၊ (၃) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူ စာချုပ် ချုပ်ဆိုထားခြင်းမရှိ၍ အလုပ်အကိုင်ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ-၃၈အရ အလုပ်ရှင်အား အရေးယူပေးရန်၊ (၄) အလုပ်ထုတ်သည့်အတွက် နစ်နာကြေးရရှိစေရန်၊ (၅) သင်တန်းဆရာကြေး ကျန်ငွေ သိန်း (၃၀)ရရှိရန် တောင်းဆိုပါကြောင်း" တင်ပြထွက်ဆိုထားပါသည်။

၅။ အလုပ်ရှင် ဒေါ်မူမူသန်းခိုင်က ထွက်ဆိုတင်ပြရာတွင် Dori Pet Spaအား ဝန်ထမ်းတစ်ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ဦးအောင်သန့်ဇင်အား ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလတွင် အမွှေးညှပ်ဆရာအဖြစ် လုပ်ကိုင်ရန် အကူအညီတောင်းပြီး နှုတ်ဖြင့် အလုပ်ခန့်ခဲ့ပါကြောင်း၊ Puppy

(ခွေးလေး)အား ခြေသည်း၊ လက်သည်း ညှပ်ခြင်း၊ ရေချိုးပေးခြင်း၊ အခြောက်ခံခြင်းများကို Basic package ဝန်ထမ်းမှလုပ်ကိုင်ပြီးမှ ဦးအောင်သန့်ဇင်က အမွေးညှပ်ရပါကြောင်း၊ အမွေးညှပ် ဝန်ထမ်းအဖြစ် ခန့်ထားခြင်းဖြစ်ပါကြောင်း၊ ဦးစွမ်းထက်ညီညီ၊ ကောင်းခန့်နှင့် ရှမ်းလေးတို့အား ဦးအောင်သန့်ဇင်၏ ဆိုင်ဖြစ်သော Khuu Khuu Pet Spa တွင် သင်တန်းသွားရောက်တက် ရပါကြောင်း၊ (၁၀-၉-၂၀၂၃)ရက်နေ့တွင် Pom အမျိုးအစား (ခွေး)တစ်ကောင် Spa ပြုလုပ်စဉ် သေဆုံးခဲ့ပါကြောင်း၊ သေဆုံးသည့် Puppy (ခွေးလေး)သည် ဆိုင်သို့ ပထမဆုံးလာသော Puppy (ခွေးလေး) ဖြစ်ပါကြောင်း၊ ရေချိုး အခြောက်ခံပြီးအပြင်သို့ ထုတ်လာချိန်တွင် လျှာများ ပြာနှမ်းပြီး ခေါင်းမထောင်နိုင်သဖြင့် ခွေးပိုင်ရှင်ကို ဖုန်းဆက်ခြင်း၊ အရေးပေါ်လုပ်ဆောင်ခြင်းများ လုပ်ခဲ့ပြီး မိတ္တ(တိရစ္ဆာန်) ဆေးခန်းသို့ အရေးပေါ်ကုသခဲ့သော်လည်း သေဆုံးသွားပါကြောင်း၊ Puppy (ခွေးလေး)ပိုင်ရှင်က တောင်းဆိုသဖြင့် CCTV ပြသခဲ့ရပါကြောင်း၊ ဆိုင်၏ CCTV မှတ်တမ်းအရ Spa ပြုလုပ်နေစဉ် Puppy (ခွေးလေး)၏ နှာခေါင်းအား ဦးအောင်သန့်ဇင် တောက်ခြင်းပြုလုပ်နေပါကြောင်း၊ နောက်ကိုလှည့်ကြည့်ပြီးမှ ပြုလုပ်ခြင်းများကိုCCTV မှတ်တမ်း ကြည့်မှ သိရှိခဲ့ရပါကြောင်း၊ ဦးအောင်သန့်ဇင် နှာခေါင်းတောက်နေသည့် မှတ်တမ်းအား တွေ့ရှိ၍ ၎င်းအား ခေါ်ပေးရန် တောင်းဆိုခဲ့သော်လည်း ဝန်ထမ်းအား ကာကွယ်သည့်အနေဖြင့် ဆိုင်မှ အစစအရာရာ တာဝန်ယူမည်ဟု ပြောခဲ့ပါကြောင်း၊ ယင်းနေ့ (၁၅:၀၀) နာရီအချိန်တွင် ဦးအောင်သန့်ဇင်က ဆိုင်ရှိဝန်ထမ်း ဦးမောင်သိန်းအား အလုပ်မလာတော့ဘူးဟု ပြောပြီး ပြန်သွား ပါကြောင်း၊ Pom (ခွေး) ပိုင်ရှင်မှ CCTV မှတ်တမ်းအားလုံးယူဆောင်သွားပါကြောင်း၊ ထို CCTV မှတ်တမ်းအရ ဦးအောင်သန့်ဇင်သည် Puppy (ခွေးလေး) အား နှာခေါင်းတောက်နေသည့်ပုံအား သူမ၏ Facebook Page တွင် တင်ခဲ့သောကြောင့် သတင်းပျံ့နှံ့သွားခဲ့ပါကြောင်း၊ သူမက CCTV အစအဆုံးချပြရန်၊ ဦးအောင်သန့်ဇင်အား အလုပ်ထုတ်ရန်နှင့် ဆိုင်အား မကောင်းပြောခဲ့ကြ ပါကြောင်း၊ ဦးအောင်သန့်ဇင်မှ အလုပ်မလာတော့ ဟုပြောခဲ့၍လည်းကောင်း၊ (၁၁-၉-၂၀၂၃) ရက်နေ့ ညနေ (၁၆:၅၀) အချိန်တွင် CCTV အစဆုံးနှင့် ပြန်လည်ဖြေရှင်း တောင်းပန်စာနှင့်အတူ အလုပ်ထုတ်သည့်အကြောင်း အများပြည်သူကျေနပ်စေရန်နှင့် မိမိတို့ Spa အတွက် Post တင်ခဲ့ပါကြောင်း၊ သေဆုံးခွေးပိုင်ရှင်ဘက်မှ ဦးအောင်သန့်ဇင်၏ လိပ်စာနှင့် ဖုန်းနံပါတ်ပေးရန် တောင်းဆိုခြင်းကိုလည်း ဝန်ထမ်းအား ကာကွယ်၍ မပေးခဲ့ပါကြောင်း၊ Customer များ၏ ယုံကြည်မှုရရန်အတွက် ဆိုင်အားလည်း ပိတ်ထားခြင်းမရှိပါကြောင်း၊ ဦးအောင်သန့်ဇင်သည် သူ့သဘောဖြင့် လာရောက်ခြင်းမရှိပါကြောင်း၊ မိမိတို့မှလည်း မဆက်သွယ်ခဲ့ပါကြောင်း၊ ဆိုင် Page

တွင် တင်ထားသော အကြောင်းအရာသည် အများပြည်သူသိရှိ၍ တောင်းပန်ခြင်း၊ ပြန်လည်ဖြေရှင်းခြင်းသာဖြစ်၍ ဖျက်မပေးနိုင်ပါကြောင်း၊ ဦးအောင်သန့်ဇင် အမည်ဖော်ပြထားခြင်း မရှိပါကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းဖြစ်၍ အများသိအောင် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဆိုင်တွင် ဝန်ထမ်း (၄)ဦးသာရှိပါကြောင်း၊ နှာခေါင်းတောက်သည့် လုပ်ရပ်သည် လုံးဝမလုပ်သင့်သော လုပ်ရပ်ဖြစ်၍ အလုပ်ပြန်မခန့်နိုင်ပါကြောင်း တင်ပြထွက်ဆိုထားပါသည်။

သုံးသပ်ချက်

၆။ ယခုအမှုသည် သဃ်န်းကျွန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ မူလတိုင်ကြားစဉ်က "အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် လူမှုကွန်ယက်တွင် တင်ထားသော ကိစ္စရပ်များအား ပယ်ဖျက်ပေးရန်" တောင်းဆိုချက်နှစ်ချက်အား သဃ်န်းကျွန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းဖြေရှင်းပေးရာ ပြေလည်မှုမရရှိ၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းရောက်ရှိလာသော အမှုဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့အနေဖြင့် အထက်ပါ တောင်းဆိုချက် (၂)ချက်ကိုသာ ဆုံးဖြတ်ပေးရန် တာဝန်ရှိပြီး ခုံအဖွဲ့ ရောက်မှ ထပ်မံတောင်းဆိုသော တောင်းဆိုချက်များကို ထည့်သွင်းဆုံးဖြတ်ရန် တာဝန်မရှိကြောင်း သုံးသပ်သည်။

၇။ Dori Pet Spa သည် ဆိုင်သို့လာသည့် အိမ်မွေးတိရိစ္ဆာန်လေးများကို ဝန်ဆောင်မှုပေးရသော လုပ်ငန်းတစ်ခုဖြစ်ပြီး ယခုအငြင်းပွားမှုမှ သေဆုံးသွားသော Pom အမျိုးအစား (ခွေးလေး)သည် ခြေသည်း၊ လက်သည်း ညှပ်ခြင်း ဆောင်ရွက်နေစဉ် ဦးအောင်သန့်ဇင်မှ အဆိုပါခွေးလေး၏နှာခေါင်းအား လက်ညှိုးဖြင့်လည်းကောင်း၊ လက်ခလယ်ဖြင့်လည်းကောင်း တောက်နေသည်ကို အလုပ်သမားနှင့် အလုပ်ရှင်တို့ဘက်မှ သက်သေတင်သွင်းသော Video များအရလည်းကောင်း၊ Dori Pet Spa page၊ ChanMyae MgCho Page များတွင် တင်ထားသည့် video မှတ်တမ်းများအရ နှာခေါင်းတောက်သည်မှာ မှန်ကန်ကြောင်း သုံးသပ်သည်။

၈။ Pet များနှင့် ပတ်သက်နေပြီး အတွေ့အကြုံ နှစ် (၂၀)နီးပါးရှိသူ ဦးအောင်သန့်ဇင်အနေဖြင့် သူ၏ တာဝန်ယူချိန်မဟုတ်ဘဲ အခြားသူတစ်ဦး၏ တာဝန်ယူ အလုပ်လုပ်ကိုင်နေစဉ် မလုပ်သင့်သော Puppy (ခွေးလေး)၏ နှာခေါင်းအား (၅)ကြိမ်နီးပါး တောက်လိုက်ခြင်းသည် Puppy (ခွေးလေး) သေဆုံးခြင်းနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အများပြည်သူ သုံးသပ်သကဲ့သို့ သံသယမကင်းသော အန္တရာယ်ရှိသည့် လုပ်ရပ်ဖြစ်ကြောင်း သုံးသပ်ရသည်။

၉။ ဦးအောင်သန့်ဇင်ကိုယ်တိုင် (၁၁-၉-၂၀၂၃)ရက်နေ့တွင် လုပ်ငန်းခွင်သို့ လာရောက်မှုမရှိခြင်း အလုပ်ရှင် မဟုတ်သော ဆိုင်ဝန်ထမ်းမဟုတ်သူက အလုပ်မလာနှင့်ဟု ပြောလိုက်ခြင်းသည် အလုပ်ထုတ်ခြင်းမမြောက်ကြောင်း သုံးသပ်ရသည်။

၁၀။ အလုပ်ရှင်အနေဖြင့်လည်း Pet များနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးရသော လုပ်ငန်းဖြစ်သည့်အတွက် သေဆုံးသွားသည့် Puppy (ခွေးလေး) ပိုင်ရှင် ကျေနပ်မှုရှိစေရန် CCTV မှတ်တမ်းပေးရခြင်း၊ ထို့ပြင် Puppy (ခွေးလေး)၏ ပိုင်ရှင်သည် အဆိုတော်ဖြစ်နေ၍ ၎င်းတင်လိုက်သည့် video ကြောင့် Puppy (ခွေးလေး)များကို ချစ်သော အများပြည်သူများက Puppy (ခွေးလေး)၏ နာခေါင်းအား တောက်သည့် ဦးအောင်သန့်ဇင်အား အလုပ်မှထုတ်ပေးရန်၊ အရေးယူပေးရန်၊ တရားစွဲရန် စသည့် Comment များရှိသည့်အတွက် အလုပ်ရှင်အနေဖြင့် ၎င်း၏ စီးပွားရေးအရ နစ်နာပြီး ဦးအောင်သန့်ဇင်၏ တောင်းဆိုချက်အတိုင်း အလုပ်ပြန်လည်ခန့်ထားပါက Puppy (ခွေးလေး) များကို ချစ်သော အများပြည်သူများက Dori Pet Spa လုပ်ငန်း ထိခိုက်သည်အထိ လုပ်ဆောင်နိုင်ကြောင်း သုံးသပ်သည်။

၁၁။ Dori Pet Spa Page တွင် အများပြည်သူသိရှိစေရန် CCTV မှတ်တမ်းများနှင့် အတူ တောင်းပန်ဖြေရှင်းမှုသတင်းတွင် အလုပ်သမား ဦးအောင်သန့်ဇင်အမည် ဖော်ပြထားခြင်းမရှိ၍လည်းကောင်း၊ အလုပ်ရှင်၏ စီးပွားရေးအရ လုပ်ဆောင်ချက်တစ်ခုသာဖြစ်၍ Post ပယ်ဖျက်ပေးရန် တောင်းဆိုမှုအား ခုံသမာဓိအဖွဲ့က ဆုံးဖြတ်ပေးရန် တာဝန်မရှိကြောင်း သုံးသပ်သည်။

၁၂။ ယခုအမှုအား ခြုံငုံသုံးသပ်ပါက အလုပ်ရှင်အနေဖြင့်လည်း အများပြည်သူသိရှိသွားသည့်အတွက် နစ်နာမှုရှိသကဲ့သို့ အလုပ်သမား ဦးအောင်သန့်ဇင်အနေဖြင့်လည်း အပြစ်မကင်းသော လုပ်ဆောင်ချက်ကို လုပ်ဆောင်ခဲ့သည့်အတွက် အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်။ (၁) အလုပ်ရှင်က အလုပ်သမားဦးအောင်သန့်ဇင်အား အလုပ်ပြန်လည်ခန့်ထားရန် မလိုကြောင်း ဆုံးဖြတ်သည်။**

**(၂) Dori Pet Spa Page မှ Puppy ( ခွေးလေး ) သေဆုံးမှုနှင့် ပတ်သက်သည့်သတင်းအား ပယ်ဖျက်ပေးရန် တောင်းဆိုမှုအား ပယ်ကြောင်း ဆုံးဖြတ်သည်။**

**ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။**

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရီဦး)
အဖွဲ့ဝင်

(ကျော်ဝင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်